# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 1 , 2023 | Volume 70, Number 1

၁.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၇.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၄.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၂.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၈.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၂၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၂၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၁.၈၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၀၀၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာမဟာဗျူဟာများ (၂၀၂၃-၂၀၂၈) မူကြမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာများ (၂၀၂၃-၂၀၂၈) မူကြမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့၊ (၁၄:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ အစည်းအဝေးခန်းမ (၁) ၌ Virtual စနစ်ဖြင့်ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ၏ အစည်းအဝေးများကို တစ်နှစ်လျှင် ၂ ကြိမ်ကျင်းပလျက်ရှိရာ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် ကျင်းပခဲ့ပါကြောင်း၊ အဆိုပါ (၁/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးတွင် “အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာ (၂၀၂၃-၂၀၂၈)မူကြမ်းအား သက်ဆိုင်ရာဌာနများနှင့် အသေးစိတ် ပြန်လည်ညှိနှိုင်းပြီး (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးသို့ ပြန်လည်တင်ပြသွားရန်” လမ်းညွှန်ခဲ့သည့်အတွက် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာမဟာဗျူဟာ (၂၀၂၃-၂၀၂၈) တွင် “စီးပွားရေးဂေဟစနစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီကောင်းမွန်သော မူပိုင်ခွင့်စနစ်တစ်ရပ် တည်ထောင်

ရန်” ဟူသော မျှော်မှန်းချက်ဖြင့် မဟာဗျူဟာ ၆ ရပ် ချမှတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး၊ အဆင့်မြင့်နည်းပညာများ လွှဲပြောင်းရယူနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့်စီးပွားရေးကဏ္ဍများ မြင့်မား တိုးတက်လာစေရေးတို့အတွက် အထောက်အကူဖြစ်မည့် မူပိုင်ခွင့်စနစ်တစ်ရပ်ကို တည်ထောင်နိုင်မည်ဖြစ်ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအနေဖြင့် အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာများ ပေါ်ပေါက်လာစေရန် အသေးစိတ်ညှိနှိုင်း ဆွေးနွေးပေးစေလိုကြောင်းနှင့် အစည်းအဝေးမှရရှိလာမည့် ဆွေးနွေးချက်များနှင့် အညီပြင်ဆင်ပြီး မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးမှာ တင်ပြနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မူပိုင်ခွင့်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံ ညွှန်ကြားရေးမှူးတို့က အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာများ (၂၀၂၃-၂၀၂၈) မူကြမ်းနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်များတောင်းခံခဲ့မှု အခြေအနေ၊ ပြင်ဆင်ထားရှိမှုအခြေအနေများကို Powerpoint ဖြင့် ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသော တာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%

## မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် မြေပဲဆန် အဝင်များ၍ဈေးအေးလာ

မန္တလေးကုန်စည်ဒိုင်သို့ မန္တလေးအနီးတစ်ဝိုက်မှ မြေပဲဆန်အသစ်များ ဝင်ရောက်လျက်ရှိပြီး၊ မြေပဲအသစ်ပေါ်ချိန်ဖြစ်၍ အဝင်များခြင်း၊ စက်ပိုင်များမှဝယ်ယူမှုအေးခြင်းတို့ကြောင့် ဈေးအေးလာကြောင်း၊ တရုတ်ဝယ်လက်မှလည်း အရည်အသွေး အလိုက် ဈေးပေးဝယ်ယူနေကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။ ယခင်တစ်ပတ်ထက် မြေပဲဆန် တစ်ပိဿာ လျှင် အနိမ့်ဆုံး ကျပ် ၃၀၀ မှ အမြင့်ဆုံး ၈၀၀ ထိ နိမ့်ကျလာသည်။

မြေပဲလုံးဆန် (ဖြူ) တစ်ပိဿာ ဈေးနှုန်းများမှာ ယခု တစ်ပတ် ကျပ် ၇၆၀၀ မှ ၈၀၀၀၊ ယခင်တစ်ပတ် ကျပ် ၈၂၀၀ မှ ၈၃၀၀၊ ယခင်လ ကျပ် ၆၈၀၀ မှ ၇၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၀၀ မှ ၆၀၀ နိမ့်ကျလာပြီး၊ ယခင်လထက် ကျပ် ၈၀၀ မှ ၁၀၀၀ မြင့်တက်လာသည်။

မြေပဲလုံးဆန် (နီ) တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၉၄၀၀ မှ ၉၇၀၀ ၊ယခင်တစ်ပတ်ကျပ် ၁၀၂၀၀ မှ ၁၀၅၀၀၊ ယခင်လကျပ် ၉၀၀၀ မှ ၉၅၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၈၀၀ နိမ့်ကျလာပြီး၊ ယခင်လထက် ကျပ် ၂၀၀ မှ ၄၀၀ မြင့်တက် လာသည်။

S1 ဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၆၈၀၀ မှ ၆၉၀၀၊ ယခင်တစ်ပတ်ကျပ် ၆၈၀၀ မှ ၇၀၀၀၊ ယခင်လကျပ် ၆၂၀၀ မှ ၆၈၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ် ထက်ကျပ် ၁၀၀ နိမ့်ကျလာပြီး၊ ယခင်လထက်ကျပ် ၁၀၀ မှ ၆၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ယခုနှစ် ထိုင်းဆန်တင်ပို့မှု ၁၂ ရာခိုင်နှုန်းနီးပါးပိုများ

ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ်လ ၂၉ ရက်အထိ ခုသည် ယခင်နှစ် အလားတူကာလထက် ၁၁ ဒသမ ၉၁ ရာခိုင်နှုန်း ပိုများခဲ့ပြီး မက်ထရစ်တန် ၅ ဒသမ ၂၉ သန်းရှိခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြာသပတေးနေ့(ဩဂုတ် ၃၁)တွင် ပြောကြားခဲ့သည်။

ထိပ်တန်း ဆန်ပို့ကုန်ဈေးကွက်များမှာ အင်ဒိုနီးရှား၊ အီရတ်၊ တောင်အာဖရိက၊ အမေရိကန်နှင့်တရုတ်တို့ဖြစ်ကြောင်း နိုင်ငံခြားကုန်သွယ်မှုဌာန ညွှန်ကြားရေးမှူးချုပ် Ronarong Poolphiphat က ပြောသည်။

ကမ္ဘာ့ဆန်တင်ပို့မှု ထိပ်တန်းနိုင်ငံ အိန္ဒိယသည် ဇူလိုင်လတွင် ဆန်တင်ပို့မှုပိတ်ပင်ခဲ့ပြီးနောက် ကမ္ဘာ့ဆန်ဈေးများ မြင့်တက် လာခဲ့သည်။ ၎င်းပိတ်ပင်မှုကြောင့် ကမ္ဘာ့ဆန်ဈေးကွက်ထဲသို့ အိန္ဒိယဆန်တန်ချိန် ၁၀ သန်းဝန်းကျင် ရောက်မလာနိုင်တော့ချေ။

ကမ္ဘာ့ဒုတိယအများဆုံး ဆန်တင်ပို့သည့် ထိုင်းနိုင်ငံသည် ယခုနှစ်တွင် ဆန်တန်ချိန် ၈ သန်းတင်ပို့ရန် မျှော်မှန်းထားသည်။ ကမ္ဘာ့ပဥ္စမအများဆုံး ဆန်တင်ပို့သည့် မြန်မာနိုင်ငံသည် ဆန်ပို့ကုန်ကို ကန့်သတ်ရန်အစီအစဉ်ရှိကြောင်း ပြီးခဲ့သည့် သီတင်းပတ်က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်သည် ထိုင်းနှင့်ဆန်တင်သွင်းရေး သဘောတူညီချက်ကို စိတ်ဝင်စားနေကြောင်း ထိုင်းနိုင်ငံခြားကုန်သွယ်မှုအရာရှိ Ronarong က ပြောသည်။ နောက်လ လကုန်ပိုင်းတွင် အရောင်းအဝယ်ကိစ္စပြီးပြတ်မည်ဟု ၎င်းကပြောကြားသည်။ "စပါးဈေးကောင်းရင် လယ်သမားတွေ စပါး ပိုများများစိုက်ကြလိမ့်မယ်" ဟု ၎င်းကပြောကြားသည်။

အယ်နီညိုရာသီဥတုပုံစံကြောင့် ဖြစ်ပေါ်လာသော မိုးခေါင်ရေရှားအခြေအနေများသည် လာမည့်နှစ်အတွက် စပါးစိုက်ပျိုးထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိမည်ဖြစ်ကြောင်း Ronarong မှ သတိပေးသည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/6785-asia-rice.html

## တရုတ်နိုင်ငံသည် ကုန်စည်ပြပွဲများမှတစ်ဆင့် ဒေသတွင်းစီးပွားရေးဆက်ဆံမှုများကို မြှင့်တင်ပေးလျက်ရှိ

ကပ်ရောဂါအလွန် ကမ္ဘာ့အခင်းအကျင်း၏ စိန်ခေါ်မှုကို ရင်ဆိုင်နေရချိန်တွင် အိမ်နီးချင်းနိုင်ငံများကို ဦးတည်သည့် Offline ကုန်စည်ပြပွဲ အများအပြားကို တရုတ်နိုင်ငံအနေဖြင့် ကျင်းပပြုလုပ်ခဲ့သည်။ ပြည်တွင်းနှင့် ကမ္ဘာ့စီးပွားရေး နှစ်ရပ်စလုံး၏ ပြန်လည်ရှင်သန်ရေးနှင့် စီးပွားရေးတိုးတက်မှုကို တွန်းအားပေးရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအဖြစ် ယခုနှစ်အတွင်း ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဂျီလင် (Jilin) ပြည်နယ်၏ မြို့တော်ချမ်ခွင် (Changchun) တွင် တနင်္ဂနွေနေ့၌ ကျင်းပပြီးစီးခဲ့သည့် ၁၄ ကြိမ်မြောက် တရုတ်-အရှေ့မြောက်အာရှ ကုန်စည်ပြပွဲတွင် နိုင်ငံပေါင်း ၁၂၃ နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၂၀,၀၀၀ ကျော်၏ ပါဝင်ပြသခဲ့ပါသည်။ (၅) ရက်ကြာ ကုန်စည်ပြပွဲအတွင်း တရုတ်ယွမ်ငွေ ၈၄ ဒသမ ၄၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅၉ ဘီလီယံခန့်) တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များ ရရှိခဲ့သည်။

စတင်ကျင်းပပြုလုပ်ခဲ့သည့် ၂၀၀၅ ခုနှစ်မှ ယခုအချိန်အထိ ကုန်စည်ပြပွဲများမှ တစ်ဆင့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု တန်ဖိုးယွမ်ငွေ ၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၇၅ ဘီလီယံခန့်) ဖြင့် ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းပေါင်း ၃,၀၀၀ ကျော် ဖော်ဆောင်လာနိုင်ခဲ့သည်ကို တွေ့ရှိရသည်။ အဆိုပါကုန်စည်ပြပွဲသည် တရုတ်နှင့် ၎င်း၏ အိမ်နီးချင်နိုင်ငံများ၊ ပြင်ပနိုင်ငံများအကြား စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတို့ကို ဖော်ဆောင်ရန်အတွက် အရေးပါသည့် platform (ပလက်ဖောင်း) တစ်ခု ဖြစ်လာခဲ့သည်။ တရားဝင်အချက်အလက်များအရ ၂၀၂၂ ခုနှစ်အတွင်း တရုတ်နိုင်ငံနှင့် အရှေ့မြောက်အာရှနိုင်ငံ (၅) နိုင်ငံအကြား ကုန်သွယ်မှုပမာဏ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၉၂၃ ဒသမ ၂ ဘီလီယံရှိပြီး တစ်နှစ်ထက်တစ်နှစ် ၃ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

(၇) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲကို တရုတ်နိုင်ငံ၊ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၏ မြို့တော်ကူမင်းမြို့တွင် ကျင်းပခဲ့ပြီး ဩဂုတ်လ ၂၀ ရက်နေ့က ပြီးဆုံးခဲ့သည်။ (၅) ရက်ကြာ ကုန်စည်ပြပွဲတွင် နိုင်ငံပေါင်း (၈၅) နိုင်ငံ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဧည့်သည်စုစုပေါင်း ၃၀,၀၀၀ ကျော် လာရောက်ပြသခဲ့ကြသည်။ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ယွမ် ၄၁၂ ဒသမ ၆၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၆ ဘီလီယံခန့်) ဖြင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းစုစုပေါင်း ၃၄ ကျော် ဖော်ဆောင်နိုင်ခဲ့သည်။

ပထမအကြိမ် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲကို Belt and Road Initiative အဆိုပြုခဲ့သည့် ၂၀၁၃ ခုနှစ်၌ ကူမင်းမြို့တွင် စတင်ကျင်းပခဲ့သည်။ လွန်ခဲ့သော ၁၀ နှစ်အတွင်း ကုန်စည်ပြပွဲမှ တရုတ်နှင့်တောင်အာရှနိုင်ငံများအကြား ပိုမိုနီးကပ်သောဆက်ဆံရေးကိုဖော်ဆောင်နိုင်ခဲ့ပြီး တရုတ်နှင့်တောင်အာရှနိုင်ငံများအကြား ကုန်သွယ်မှုပမာဏမှာ ယခင်နှစ်ထက် အမေရိကန် ဒေါ်လာ ၁၉၇ ဒသမ ၄ ဘီလီယံအထိ နှစ်ဆမြင့်တက်လာခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ကုန်စည်ပြပွဲများ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဖိုရမ်များ၊ နည်းပညာစကားဝိုင်းများ ကျင်းပပြုလုပ်လျက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပိုမိုခိုင်မာသော ဆက်ဆံရေးများဖော်ဆောင်ခြင်း၊ ပူးပေါင်း

ဆောင်ရွက်မှုများတည်ထောင်ခြင်းနှင့် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများချဲ့ထွင်ခြင်းဖြင့် နိုင်ငံတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ဆောင်ရွက်လျက်ရှိသည့်အပြင် မိတ်ဖက်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ပူးပေါင်းကူညီဖော်ဆောင်လျက်ရှိသည်ကို သုံးသပ်တွေ့ရှိရပါသည်။

**Source:** http://english.www.gov.cn/news/202308/29/content_WS64ed56d9c6d0868f4e8dee6b.html

**(စီးပွားရေးသံမှူး၊ ကူမင်းမြို့)**

## မြန်မာ့ပြောင်းကို ထိုင်းအခွန်ကင်းလွတ်ကာလရပ်နားချိန် တရုတ်သို့တင်ပို့မည်



မြန်မာနိုင်ငံမှထွက်သည့် ပြောင်းဆံများကို တရုတ်နိုင်ငံအတွင်းသို့ တင်ပို့နိုင်ရန်လုပ်ဆောင်နေကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင် များထံမှ သိရသည်။

လက်ရှိတွင် တရုတ်-မြန်မာ နယ်စပ်ဒေသတွင် ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးထားသည့် ပြောင်းများကိုသာ တင်ပို့နေခြင်းဖြစ်ပြီး အခြားဒေသမှထွက်ရှိသည့် ပြောင်းများကို တင်ပို့မှုမရှိသည်မှာ အချိန်ကြာမြင့်နေပြီဖြစ်ကြောင်း ပြောင်းကုန်သည်အချို့ထံမှ စုံစမ်းသိရသည်။

ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် မြန်မာ့ပြောင်းဆန်များကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်မှ ဩဂုတ်လ (၃၁) ရက်အထိတင်ပို့နေပြီး ယင်းကာလကုန်ဆုံးချိန်တွင် တရုတ်နိုင်ငံသို့ ဆက်လက်တင်ပို့နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတဆင့် တင်ပို့ရန် တရုတ်ကုန်သည်များနှင့် မြန်မာကုန်သည်များအကြား ဈေးနှုန်းညှိနှိုင်းမှုများ ဆောင်ရွက်နေကြောင်း သိရသည်။

ထို့အပြင် တရုတ်နိုင်ငံတွင်ကျင်းပမည့် ကုန်စည်ပြပွဲများမှတဆင့်လည်း မြန်မာ့ပြောင်းတင်ပို့ခွင့်ရရှိရေးအတွက် အခွင့်အလမ်းများရရှိနိုင်ရန် မျှော်မှန်းထားကြောင်းလည်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=127270

## စင်ကာပူနိုင်ငံသို့ ဆန်တင်ပို့မှုခွင့်ပြုမည့် အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံအနေဖြင့် စင်ကာပူနိုင်ငံသို့ ဆန်တင်ပို့မှုကို ခွင့်ပြုသွားရန် ဆုံးဖြတ်ခဲ့ကြောင်း အိန္ဒိယနိုင်ငံ Ministry of External Affairs က ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့က ထုတ်ပြန်ခဲ့ပါသည်။

အိန္ဒိယနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သည် မဟာဗျူဟာကျသည့် ဆက်ဆံရေးရှိခြင်း၊ စီးပွားရေးနှင့် နိုင်ငံသားအချင်းချင်း ခိုင်မာသည့်ချိတ်ဆက်မှုရှိခြင်းစသည့် နှစ်နိုင်ငံအကြား ကောင်းမွန်သည့်ဆက်ဆံရေးအပေါ်အခြေပြု၍ အိန္ဒိယနိုင်ငံအနေဖြင့် ထိုသို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးအတွက် အိန္ဒိယနိုင်ငံက စင်ကာပူနိုင်ငံသို့ ဆန်တင်ပို့ရန် ခွင့်ပြုခြင်းဖြစ်ကြောင်း၊ တရားဝင်စာများ မကြာမီထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ပါသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့မှု၏ ၄၀ ရာခိုင်နှုန်းကျော်ရှိပါသည်။ လွန်ခဲ့သည့်လက အိန္ဒိယနိုင်ငံအနေဖြင့် ဘာစမာတီမဟုတ်သည့် ဆန်ဖြူ(Non-basmati White Rice) စားသုံးမှုမြင့်မားသည့် နိုင်ငံများသို့ တင်ပို့မှုအပေါ် ပိတ်ပင်မှုများပြုလုပ်ခဲ့ပြီး လွန်ခဲ့သည့်နှစ်ကလည်း ဆန်ကွဲတင်ပို့မှုကို ပိတ်ပင်ခဲ့ပါသည်။ ဘာစမာတီမဟုတ်သည့်ဆန်ဖြူတင်ပို့မှုမှာ အိန္ဒိယနိုင်ငံ၏ စုစုပေါင်းတင်ပို့မှု၏ လေးပုံတစ်ပုံရှိပါသည်။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့အထိ အကျုံးဝင်မည့် မကျက်တကျက်ပြုတ်ထားသည့်ဆန်(Parboiled Rice)တင်ပို့မှုအပေါ် ၂၀ ရာခိုင်နှုန်းအခွန်ကောက်ခံရန် သတ်မှတ်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် စင်ကာပူနိုင်ငံသည် အိန္ဒိယနိုင်ငံအာဏာပိုင်များနှင့် ဘာစမာတီမဟုတ်သည့် ဆန်တင်ပို့မှုအပေါ် ပိတ်ပင်မှုကို ဖြေလျှော့ပေးရေး အနီးကပ်ဆက်သွယ်မှုများ ပြုလုပ်ခဲ့ ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် စင်ကာပူနိုင်ငံ ဆန်တင်သွင်းမှု၏ ၄၀ ရာခိုင်နှုန်းမှာ အိန္ဒိယနိုင်ငံမှဖြစ်ကြောင်း စင်ကာပူအစားအသောက်အေဂျင်စီ (Singapore Food Agency – SFA) က ပြောကြားခဲ့ပါသည်။

**Source: CNA**

**(စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

## STOCK EXCHANGE (1.9.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 1st Sep. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,308 (Shares) | 55,214,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,400 | -100 | -1.05% | 9,500 | 9,500 | 9,400 | 940 | 8,876,500 | 33,109,694 | 311,231 |
| MTSH | 00002 | 3,150 | -100 | -3.08% | 3,200 | 3,200 | 3,150 | 8,792 | 27,803,900 | 38,929,150 | 122,627 |
| MCB | 00003 | 8,000 | -100 | -1.23% | 8,100 | 8,100 | 8,000 | 473 | 3,785,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 3,544 | 6,024,800 | 29,664,613 | 50,430 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 550 | 1,347,500 | 12,823,224 | 31,417 |
| EFR | 00006 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 887 | 2,040,100 | 19,977,223 | 45,948 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 435 | 2,131,500 | 10,497,598 | 51,438 |
| MAEX | 00008 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 1,687 | 3,205,300 | 23,804,946 | 45,229 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 1st Sep. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 393.14 | -4.37 | -1.10% | 396.48 | 396.48 | 393.14 | 17,308 | 55,214,600 | 8 | 741,528 |

**Index chart**



YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

We are the first-ever modern stock exchange in Myanmar and stock trading at YSX ha  Quick link  Notice  Disclosure

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1st Sep. 2023

| Trading Volume | Trading Value |
|---|---|
| 17,308 (Shares) | 55,214,600 (MMK) |

## Main Board

As of 1:00 pm, 1st Sep. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,308 (Shares) | 55,214,600 (MMK) |

| MYANPIX | 393.14 ▼ 4.37 |
|---|---|
| Total Volume (shares) | 17,308 |
| Total Value (MMK) | 55 mil |
| Listed Company | 8 |
| Market Cap. (MMK) | 741,528 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,400 | ▼ 100 |
| MTSH | 00002 | 3,150 | ▼ 100 |
| MCB | 00003 | 8,000 | ▼ 100 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,300 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,900 | ▲ 0 |

TIR